# 5 အခွန်ထမ်းဆောင်ကြောင်းသက်သေခံစာ နှင့် ဝင်ငွေပြ အထောက်အထားစာရွက်များ

နေထိုင်ခွင့်အမျိုးအစားပြောင်းလဲခြင်း၊ ကလေးမူကြိုကျောင်းစတင်တက်ရောက်ချိန် ထို့အပြင် ဒေသအစိုးရပိုင်အိမ်ခန်းများတွင် နေထိုင်ရန် လျှောက်လွှာတင်သည့်အခါ စသည်တို့တွင် ဝင်ငွေကို အထောက်အထားအပေါ် မူတည်ပြီး အခွန်ထမ်းဆောင်ကြောင်းသက်သေခံစာ၊ ဝင်ငွေအထောက်အထားပြ စာရွက်စာတမ်းတို့သည် မဖြစ်မရှိ လိုအပ်လေ့ရှိသည်။ ယင်းအထောက်အထားစာရွက်စာတမ်းများ လိုအပ်ပါက
ဇန်နဝါရီလ ၁ရက်နေ့တွင် သင်နေထိုင်လျက်ရှိသော ဒေသ၏ မြို့နယ်ရုံးတွင် လျှောက်ထားပါ (ကုန်ကျစရိတ်ရှိပါသည်)။
ထို့အပြင် ဝင်ငွေစသည်တို့၏ အထောက်အထားစာရွက်စာတမ်းအဖြစ် ဝင်ငွေအကြောင်းကြားစာ၏ မိတ္တူ (2-1 (2) ရည်ညွှန်း) နှင့် အခွန်ကိုယ်စားပေးဆောင်ခြင်းထောက်ခံစာ (2-1 (3) ရည်ညွှန်း) ကိုလည်းပဲ အသုံးပြုနိုင်သည်။

## 5-1 နှစ်ထပ်အခွန်ထမ်းဆောင်ခြင်းမှ ကာကွယ်ခြင်း

ဂျပန်နိုင်ငံတွင် အလုပ်လုပ်၍ ရရှိသော ငွေကြေးအရင်းအနှီးကို အခြေခံ၍ မိမိနိုင်ငံတွင် စီးပွားရေး လုပ်ငန်းလုပ်ဆောင်ခြင်း၊ မြေယာဝယ်ယူခြင်းစသည့် အခြေအနေများလည်းရှိသည်။ ဤအခြေအနေတွင် မိခင်နိုင်ငံမှ များပြားလှသောအခွန်ပမာဏကို တောင်းခံ ခံရခြင်း (နှစ်ထပ်အခွန်ပေးဆောင်ရခြင်း) ဟုခေါ်သော အခြေအနေပေါ်ပေါက်လာလေ့ရှိသည်။ ထိုအချိန်တွင် ဂျပန်နိုင်ငံ နှင့် အမေရိကန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ စသည့်နိုင်ငံများ (အောက်ပါဇယားတွင် ဖော်ပြ) တို့အကြားတွင် ၂ထပ်အခွန်ထမ်းဆောင်ရခြင်းကို ကာကွယ်သော အခွန်အပြန်အလှန် နားလည်မှု ကတိကဝတ် သဘောတူညီမှုထားရှိပြီး ဂျပန်ပြည်တွင်းတွင် ရရှိသောဝင်ငွေအပေါ်အခွန်ထမ်းဆောင်ထားခြင်းကို အထောက်အထားပြခြင်းဖြင့် မိခင်နိုင်ငံသို့ ပြန်ရောက်ပြီးသည့်အခါ နှစ်ထပ်အခွန်ထမ်းဆောင်ခြင်းကို ကာကွယ်နိုင်သည်။

**အခွန်သဘောတူညီမှုစာချုပ်ချုပ်ဆိုထားသောနိုင်ငံ၊ ဒေသဇယား** **၂၀၁၈ခုနှစ် ဖေဖော်ဝါရီလလက်ရှိ**

| | | | | | |
|---|---|---|---|---|---|
| **အာရှ-<br>အိုရှင်းနီးယား** | အိန္ဒိယ<br>အင်ဒိုနီးရှား<br>သြစတြေးလျား<br>တောင်ကိုရီးယား<br>စင်ကာပူ<br>သီရိလင်္ကာ<br>ထိုင်း<br>တရုတ်<br>နယူးဇီလန်<br>ပါကစ္စတန်<br>ဘင်္ဂလားဒေ့ရှ်<br>ဖီဂျီ<br>ဖိလစ်ပိုင်<br>ဘရူနိုင်း<br>ဗီယက်နမ်<br>ဟောင်ကောင်<br>မလေးရှား<br>ဆာမိုဝါ(※)<br>မကာအို(※)<br>ထိုင်ဝမ်(※※)<br><br>(အခွန်ကြီးကြပ်ရေး နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်ရေးစာချုပ်သာ)<br>ကွတ်ကျွန်းစု | **ဥရောပ** | (အခွန်ကြီးကြပ်ရေး နှစ်နိုင်ငံ ပူးပေါင်းလုပ်ဆောင်ရေးစာချုပ်သာ)<br>အိုက်စလန်<br>အာဘေးနီးယား<br>အန်ဒိုလာ<br>အက်စ်တိုးနီးယား<br>ဆိုက်ပရပ်စ်<br>ဂရိ<br>ဂရင်းလန်<br>ခရိုအေးရှား<br>စိန့်မာရီနို<br>ဂျီဘရော်တာ<br>ဖဲရိုးကျွန်းစု<br>မာရှတာ<br>မိုနာကို<br>လီသူအေးနီးယား | **မြောက်<br>အမေရိက** | အမေရိက<br>ကနေဒါ |
| | | | | **တောင်<br>အမေရိက၊<br>အလယ်ပိုင်း<br>အမေရိက၊** | ချီလီ<br>ဘရားဇီး<br>မက္ကဆီကို<br>ပနားမား(※)<br>ဘဟားမား(※)<br>ဘာမြူဒါကျွန်း(※)<br>ကေးမန်းကျွန်း(※)<br>ဗြိတိသျှ ဗားဂျင်း ကျွန်းစု(※) |

# L အခွန်

အခွန်၏ ထိပ်သို့

<table>
<tr>
<td></td>
<td>နာအူးရူး<br>နီဝေး<br>မာရှယ်ကျွန်းစု</td>
<td rowspan="2">အာဖရိက</td>
<td rowspan="2">အီဂျစ်<br>ဇမ်ဘီယာ<br>တောင်အာဖရိက<br><br>(အခွန်ကြီးကြပ်ရေး<br>နှစ်နိုင်ငံ ပူးပေါင်းလုပ်<br>ဆောင်ရေးစာချုပ်သာ)<br>ယူဂန်ဒါ<br>ဂါနာ<br>ကင်မရွန်း<br>ဇဲရှယ်<br>ဇဲနီဂေါ<br>တူနီးရှား<br>နိုက်ဂျေးရီးယား<br>မောရစ်ရှ</td>
<td rowspan="2">ကာရေဗီယန်<br>ဒေသ</td>
<td rowspan="2">(အခွန်ကြီးကြပ်ရေး<br>နှစ်နိုင်ငံ ပူးပေါင်းလုပ်<br>ဆောင်ရေးစာချုပ်သာ)<br>အာဂျင်တီးနား<br>အာရူဘာ<br>အန်ဂီလာ<br>ဥရုဂွေး<br>ကျူရေကိုး<br>ဂွာတီမာလာ<br>ကိုလံဘီယာ<br>စိန့်ကစ် အန်နေဗီးစ်<br>စိန့်ဗင့်ဆက်နှင့်<br>ဂရက်နာဒိန်းကျွန်းစု<br>စိန့်မာတင်<br>စိန့်လူစီယာ<br>တာ့ခ်စ် နှင့် ခိုင်းကော့စ်<br>ကျွန်းစု<br>ဘာဘာဒို့စ်<br>ဘေးလီးဇ်<br>မွန်ဆဲရတ်</td>
</tr>
<tr>
<td>ဥရောပ</td>
<td>အိုင်ယာလန်<br>အင်္ဂလန်<br>အီတလီ<br>ဩစတြီးယား<br>ဟော်လန်<br>ဆွစ်ဇာလန်<br>ဆွီဒင်<br>စပိန်<br>စလိုဘက်ကီးယား<br>စလိုဗေးနီးယား<br>ချက်<br>ဒိန်းမတ်</td>
</tr>
</table>

| | | | | | |
|---|---|---|---|---|---|
| | ဂျာမနီ<br>နော်ဝေ<br>ဟန်ဂေရီ<br>ဖင်လန်<br>ပြင်သစ်<br>ဘူဂေးရီးယား<br>ဘယ်လ်ဂျီယံ<br>ပေါ်တူဂီ<br>ပိုလန်<br>လာ့ဗီးယား<br>လူဇင်ဘတ်<br>ရူမေးနီးယား<br>ဂန်းစီ (※)<br>ဂျာစီ (※)<br>မန်းကျွန်း (※)<br>လစ်တန်စတိုင်း (※) | **အရှေ့ အလယ်ပိုင်း** | အာရပ်စော်ဘွားများ<br>ပြည်ထောင်စု<br>အစ္စရေး<br>အိုမန်<br>ကာတာ<br>ကူဝိတ်<br>ဆော်ဒီအာရေဗျ<br>တူရကီ<br><br>(အခွန်ကြီးကြပ်ရေး<br>နှစ်နိုင်ငံ ပူးပေါင်းလုပ်<br>ဆောင်ရေးစာချုပ်သာ)<br>လက်ဘနွန် | | |
| | | **ရုရှား၊ ယခင် ဆိုဗီယက် ပြည်ထောင်စု နိုင်ငံများ** | အဇာဘိုင်ဂျန်<br>အာမေးနီးယား<br>ယူကရိန်း<br>ဥဇူဗက်ကစ်စတန်<br>ကာဇက်စတန်<br>ကာဂျစ်စတန်<br>ဂျော်ဂျီယာ<br>ဆလိုဗက်ကီးယား<br>တာဂျစ်ကစ်စတန်<br>တာခ်မန်နစ်စတန်<br>ဘယ်လာရုစ်<br>မော်ဒိုဗာ<br>ရုရှား | | |
| (၁၂၃ နိုင်ငံ၊ ဒေသ) | | | | | |

(※)သည်အခွန်နှင့် ပတ်သက်၍ အပြန်အလှန် သတင်းဖလှယ်ခြင်းသဘောတူညီချက်ကိုသာ အဓိကထားပြီး လုပ်ဆောင်နေခြင်းဖြစ်သည်။

(※※)ထိုင်ဝမ်နှင့်ပတ်သက်၍ Interchange Association (ဂျပန်ဘက်) နှင့် Association of East Asian Relations (ထိုင်ဝမ်ဘက်) တို့ အကြား အခွန်ဆိုင်ရာ ပုဂ္ဂလိကသဘောတူညီချက်နှင့် ထိုအကြောင်းအရာကို ဂျပန်ဘက်တွင် ကျင့်သုံးရန် ဥပဒေစည်းမျဉ်းများဖြင့်

# L အခွန်

အခွန်၏ ထိပ်သို့

တစ်စုတစ်စည်းတည်းအနေဖြင့် အခွန် ကြီးကြပ်မှုသဘောတူစာချုပ်နှင့် အလားတူသည့် မူဘောင်ကိုထူထောင်ခဲ့သည်။ (ယခုအခါတွင် ထိုအသင်းများသည် Japan-Taiwan Exchange Association (ဂျပန်ဘက်)နှင့် Taiwan-Japan Relations Association (ထိုင်ဝမ်ဘက်) ဟု အသီးသီး အမည်ပြောင်းထားသည်။)

*ရည်ညွှန်း။ ။ ဘဏ္ဍာရေးဝန်ကြီးဌာန*